Message Six

# ဘုရားသခင်၏စီမံကိန်းအတိုင်းဖြစ်သော စကြဝဠာဆိုင်ရာ သမိုင်းကြောင်း - စစ်မှန်ခြင်း၌ လူသစ်တစ်ဦး၏ကို ရရှိရန် သခင်ဘုရား၏ စိတ်နှလုံးအလိုဆန္ဒကို ပြည့်စုံစေခြင်းငှာ လူသားမိုင်းအတွင်းရှိ ဘုရားဆိုင်ရာသမိုင်းကြောင်း

ဖတ်ရန်ကျမ်း။ ။ ယောလ၊၁း၄။ ၃း၁၁။ ဧ၊၁း၃-၆။ ၂း၁၅။ ၄း၂၂-၂၄။ မိက္ခာ၊၅း၂။ ဗျာ၊၁၉း၇-၉

**I. ဤစကြဝဠာ၌ သမိုင်းကြောင်းနှစ်ခု ရှိသည်၊ ယင်းတို့မှာ လူသားဆိုင်ရာသမိုင်းဖြစ်သည့် လူ၏သမိုင်းနှင့် ဘုရားဆိုင်ရာသမိုင်းဖြစ်သည့် ဘုရားသခင်၏သမိုင်းတို့ဖြစ်သည်။ ပထမတစ်ခုသည် အပြင်ပိုင်းအခွံဖြစ်ပြီး၊ နောက်တစ်ခုသည် အခွံအတွင်းရှိ အစေ့အဆန်ကဲ့သို့ဖြစ်သည် - ညွှန်း၊ ယော၊၁း၄။**

A. လူသားဆိုင်ရာသမိုင်းအတွင်းရှိ ဘုရားဆိုင်ရာသမိုင်းသည် သမ္မာကျမ်းစာတွင် အတော်လေး အသေးစိတ်ဖွင့်ပြထားသည်။ ဘုရားသခင်၏သမိုင်းသည် ကျွန်ုပ်တို့၏သမိုင်းဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ပေါင်းစည်းနေသောကြောင့် ဖြစ်သည်။

1. ကျွန်ုပ်တို့သည် ထာဝရအတိတ်ကာလရှိ ဘုရားသခင်၏သမိုင်းကို လူနှင့်အတူ ပေါင်းစည်းခြင်း၌ ကိုယ်တော်၏လှုပ်ရှားခြင်းအတွက် ပြင်ဆင်မှုတစ်ခုအဖြစ် မြင်ရန် လိုအပ်သည်။

   a. ဘုရားဆိုင်ရာသမိုင်းသည် ထာဝရ ဘုရားသခင်နှင့် ကိုယ်တော်၏ စီမံကိန်းဖြင့် အစပြုထားသည်။ ကိုယ်တော်၏စီမံကိန်းအရ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို လူနှင့်တစ်လုံးတစ်ဝဖြစ်လာရန်၊ လူ၏အသက်၊ အသက်မစရာနှင့် အရာခပ်သိမ်းဖြစ်ရန်၊ လူကို ကိုယ်တော်၏ထင်ရှားခြင်းအဖြစ် ရရှိရန် အလိုတော်ရှိသည် - ဧ၊၃း၉-၁၀။ ၁း၁၀။ က၊၁း၂၆။ ၂း၉။

   b. ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၌ ဘုရားသခင်သည် ထာဝရကာလတွင် ဆွေးနွေးတိုင်ပင်မှုတစ်ခုရှိကာ၊ ဘုရားသခင်၏ထာဝရစီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ခရစ်တော်၏ အရေးကြီးသော အသေခံခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန် ဖြစ်သည် - တ၊၂း၂၃။

   c. ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ ဒုတိယသည် ထာဝရကာလမှ အချိန်ကာလအထဲသို့ ဗက်လင်မြို့တွင် လူတစ်ဦးအဖြစ် မွေးဖွားရန် ကိုယ်တော်၏ "ထွက်သွားခြင်း"ကို သယ်ဆောင်ရန် ပြင်ဆင်ခြင်း ရှိခဲ့သည် - မိက္ခာ၊၅း၂။

   d. ဘုရားသခင်သည် ခရစ်တော်၌ ယုံကြည်သူများကို ကမ္ဘာမတည်မရှိမီကပင် ကောင်းကင်ဆိုင်ရာများရှိ ဝိညာဉ်ရေးရာကောင်းချီးမင်္ဂလာများဖြင့် ကောင်းချီးပေးခဲ့သည် - ဧ၊၁း၃-၆။

2. လူ၌ ဘုရားသခင်၏သမိုင်းသည် လူ့ဇာတိခံခြင်းမှအစပြုကာ၊ ကိုယ်တော်၏လူသားအသက်ရှင်ခြင်း၊ ကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း ဖြစ်စဉ်တို့ဖြင့် ဆက်လက်သွားခဲ့သည်။ ဟောရှေ၊၁၁း၄ တွင် ဤအရာများမှာ လူကိုဆွဲတတ်သောကြိုး၊ ချစ်ခြင်းမေတ္တာကြိုးဖြစ်ကြောင်း ပြောထားသည်။

   a. ဘုရားဆိုင်ရာသမိုင်းကြောင်း၊ လူ၌ ဘုရားသခင်၏လှုပ်ရှားမှုသည် ပုံစံနမူနာဖြစ်သည့် ဘုရား-လူ၊ အဆင့်ဆင့်ဖြတ်ကျော်သော ခရစ်တော်သည် လူသစ်အဖြစ်သို့ ဘုရားသခင်၏ထာဝရစီမံကိန်း အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် ကြီးစွာသော ဘုရား-လူဖြစ်သော ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံရန်ဖြစ်သည်။

   b. ခရစ်တော်၏ လူ့ဇာတိခံခြင်းနှင့် လူသားအသက်ရှင်ခြင်းမှတစ်ဆင့် ကိုယ်တောသည် အကန့်အသတ်မဲ့သော ဘုရားသခင်ကို အကန့်အသတ်ရှိသော လူအထဲသို့ ယူဆောင်လာကာ၊ သုံးပါးတစ်ပါးဘုရားအား သုံးပိုင်းရှိသောလူနှင့် ပေါင်းစည်း၍၊ ရောနှောပေးခဲ့ပြီး၊ ကိုယ်တော်၏လူသားဇာတိ၌ ကြွယ်ဝလှသော ဘုရားသခင်ကို ကြွယ်ဝသည့် ဂုဏ်အင်လက္ခဏာများနှင့်အတူ ကိုယ်တော်၏ရနံ့မွှေးကြိုင်သော ကောင်းမြတ်ခြင်းအားမှတစ်ဆင့် ထင်ရှားစေခဲ့သည်။

c. ခရစ်တော်၏ ကားတိုင်ပေါ်အသေခံခြင်းမှာ ကိုယ်စားအသေခံခြင်း၊ အရာအားလုံးပါဝင်သော အသေခံခြင်း၊ အရာအားလုံးပါဝင်သော တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းဖြစ်ကာ၊ ယင်းသည် ဖန်ဆင်းခြင်းအဟောင်းကို အဆုံးသတ်ပြီး ပြဿနာအားလုံးကို ဖြေရှင်းပေးခဲ့သည် (ယော၊၁း၂၉)။ ကားတိုင်ပေါ်အသေခံခြင်း၌ ကိုယ်တော်သည် ဘုရားသခင် ဖန်ဆင်းခဲ့သော၊ အပြစ်၌ ကျဆင်းသွားခဲ့သော အရာအားလုံးကို ရွေးနုတ်ခဲ့ကာ (ဟေဗြဲ၊၂း၉။ ကော၊၁း၂၀)၊ လူသစ်ကို ကိုယ်တော်၏ ဘုရားဆိုင်ရာဒြပ်သဘာဝဖြင့် ဖန်ဆင်းခဲ့သည် (ပဋိသန္ဓေယူခဲ့သည်) (ဧ၊၂း၁၅)၊ ကိုယ်တော်၏လူသား ဇာတိအခွံအတွင်းမှ ဘုရားဆိုင်ရာအသက်ကို လွတ်မြောက်စေခဲ့သည် (ယော၊၁၂း၂၄။ ၁၉း၃၄။ လု၊၁၂း၄၉-၅၀)။

d. ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် ဘုရားသခင်သားဦးအဖြစ် မွေးဖွားလာခဲ့ပြီး (တ၊၁၃း၃၃။ ရော၊၁း၄။ ၈း၂၉) အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာကာ (၁ကော၊၁၅း၄၅ခ)၊ သန်းပေါင်းများစွာသောလူများကို ခရစ်တော်ကိုယ်ခန္ဓာတော်၏အင်္ဂါဝင်များနှင့် လူသစ်တစ်ဦးဖြစ်သည့် အသင်းတော်၏ စေ့စပ်ထုံးဖွဲ့ပါဝင်သူများအဖြစ် ဘုရားသခင်၏သားများဖြစ်လာစေရန် အသစ်မွေးဖွားပေးခဲ့သည် (၁ပေ၊၁း၃။ ကော၊၃း၁၀-၁၁)။

e. ကိုယ်တော်သည် ကောင်းကင်များသို့ တက်ကြွသွားကာ၊ သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်းအတွက် လူသစ်တစ်ဦးအဖြစ် အသင်းတော်ကို ထုတ်လုပ်ရန် ဝိညာဉ်တော်အဖြစ် ဆင်းကြွလာခဲ့သည် - ယောလ၊၂း၂၈-၃၂။ တ၊၂း၁-၄၊ ၁၆-၂၁။

B. သို့ဖြစ်၍ လူသစ်တစ်ဦး၏စစ်မှန်ခြင်းဖြစ်သည့် အသင်းတော်သည် ဘုရားဆိုင်ရာသမိုင်း တည်းဟူသော အပြင်ပိုင်းလူသားဆိုင်ရာသမိုင်းအတွင်းရှိ ဘုရားဆိုင်ရာနက်နဲမှု၏ ပင်ကိုမူလ သမိုင်း၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ဤဘုရားဆိုင်ရာသမိုင်း၏အပိုင်း အဆုံးတွင် ခရစ်တော်သည် အန္တိခရစ်နှင့် သူ၏စစ်တပ်ကို အနိုင်ယူရန် ကိုယ်တော်၏စစ်တပ်ဖြစ်သည့် ကိုယ်တော်၏အောင်မြင်သောသူများနှင့်အတူ ပြန်ကြွလာလိမ့်မည်ဖြစ်သည် (ယောလ၊၁း၄။ ၃း၁၁)။

C. ဤအရာနောက်တွင် အနှစ်တစ်ထောင်နိုင်ငံတော်သည် ရောက်လာလိမ့်မည်။ နောက်ဆုံးတွင် ဤနိုင်ငံတော်သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်ရှိ ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံလိမ့်မည်။ ယေရုရှလင်မြို့သစ်သည် ဘုရားသခင့်သမိုင်း၏ အဆုံးစွန်သော၊ ပြီးမြောက်ပြည့်စုံသော အဆင့်ဖြစ်လိမ့်မည်။

## II. ပေတရု (ငါးဖမ်းခြင်းအမှုတော်)၊ ပေါလု (တည်ဆောက်ခြင်းအမှုတော်) နှင့် ယောဟန် (ပြန်လည်ပြုပြင်ခြင်းအမှုတော်) တို့နှင့်အတူ သခင်ဘုရား၏စိတ်နှလုံးတော်အလိုဆန္ဒမှာ လူသစ်တစ်ဦးကို ရရှိရန်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်နိုင်သည်။

A. ဘုရားသခင်သည် ပင်တေကုတ္တေနေ့တွင် ဂျူးယုံကြည်သူများစွာကို ခေါ်ဆောင်လာရန် ပေတရုကို အသုံးပြုခဲ့သည် (တ၊၂း၅-၁၁)။ ထို့အပြင် ကော်နေလိသည် ဆုတောင်းခြင်း၌ ရူပါရုံကို လက်ခံရရှိခဲ့ပြီး (၁၀း၃၀)၊ ပေတရုသည်လည်း ဆုတောင်းခြင်း၌ ရူပါရုံကို လက်ခံရရှိခဲ့ကာ (အငယ်၊၁၇၊ ၁၉)၊ ၎င်းအားဖြင့် ဘုရားသခင်၏စီမံချက်နှင့် လှုပ်ရှားမှုပြုခြင်းဖြင့် (အငယ်၊၉ခ-၁၄၊ ၂၇-၂၉) လူသစ်တစ်ဦးကို သယ်ဆောင်လာခြင်း၏လက်တွေ့ကျကျဖြစ်တည်မှုအတွက် တစ်ပါးအမျိုးသားများကို ရယူခဲ့သည်။

B. ပေါလုသည် ဧဖက်၊၂း၁၄-၁၅ တွင် ခရစ်တော်သည် ကိုယ်တော်၏လူသစ်ဖန်ဆင်းသောအသေခံခြင်းမှတစ်ဆင့် ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားများကို လူသစ်တစ်ဦးအထဲသို့ ဖန်ဆင်းခဲ့ကြောင်း ပြောခဲ့သည် (ညွှန်း၊ ၄း၂၂-၂၄)။ ပေါလုက ၁ကောရိန္သု၊၁၂း၁၃ တွင် ကျွန်ုပ်တို့အားလုံးသည် “ဂျူးဖြစ်စေ၊ ဂရိလူဖြစ်စေ” ကိုယ်ခန္ဓာတော်တစ်ကိုယ်အထဲသို့ ဗတ္တိဇံခံခဲ့ကြကြောင်း ပြောထားသည်။ ဂလာတိ၊၃း၂၇-၂၈ တွင် ခရစ်တော်အထဲသို့ ဗတ္တိဇံခံသောသူတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆင်သောသူဖြစ်ကြပြီး၊ “ထိုနေရာတွင် ဂျူးလူမျိုးလည်းမရှိ၊ ဂရိလူမျိုးလည်း မရှိတော့”ကြောင်း ပေါလုက ပြောထားသည်။ ကောလောသဲ ၃း၁၀-၁၁ တွင် ပေါလုက လူသစ်တွင် ဂျူးလူမျိုးနှင့် ဂရိလူမျိုးအဖို့ နေရာမရှိကြောင်း ပြောထားသည်။

C. ယောဟန်က သခင်ဘုရားသည် မိမိအသွေးတော်ဖြင့် “လူမျိုးနွယ်၊ ဘာသာစကား၊ လူများနှင့် တိုင်းနိုင်ငံအသီးသီးတို့အထဲမှ လူများကို” ရွေးဝယ်ထားကြောင်း ပြောခဲ့သည် (ဗျာ၊၅း၉)။ ဤရွေးနုတ်ခံရသူများသည် လူသစ်တစ်ဦးတည်းဟူသော အသင်းတော်ကို စေ့စပ်ထုံးဖွဲ့ကြသည်။ ယောဟန်မှတစ်ဆင့် အသင်းတော်များသည် ရွှေမီးခုံတိုင်များဖြစ်ကြောင်း (၁း၁၁-၁၂)၊ အဆုံး

စွန်အနေဖြင့် ဤရွှေမီးခုံတိုင်များသည် ယေရုရှလင်မြို့သစ်ဖြစ်လာကြောင်း ကျွန်ုပ်တို့မြင်ရသည်။ ရွှေမီးခုံတိုင်များနှင့် ယေရုရှလင်မြို့သစ်၌ လူများတွင် မည်သည့်ခြားနားမှုကို ကျွန်ုပ်တို့ မမြင်ရပေ။

D. ဤအရာအားလုံးက ကျွန်ုပ်တို့သည် ဝိညာဉ်တော်တစ်ပါးတည်းကို သောက်သုံးခြင်းအားဖြင့် နေ့စဉ် လူဟောင်းကို ချွတ်ပယ်ကာ လူသစ်ကို ယူတင်ဝတ်ဆင်ရန် လိုအပ်ကြောင်း ညွှန်ပြနေသည် (၁ကော၊၁၂း၁၃)၊ သို့မှသာ ကျွန်ုပ်တို့သည် စစ်မှန်ခြင်း၌ လူသစ်တစ်ဦးကို ရရှိရန် သခင်ဘုရား၏ စိတ်နှလုံးအလိုဆန္ဒကို သယ်ဆောင်ခြင်းအတွက် ကျွန်ုပ်တို့၏ လက်တွေ့ကျကျ နေ့စဉ်အသက်တာ၏ အနေအထားတိုင်း၌ ကျွန်ုပ်တို့အသိဉာဏ်၏ ဝိညာဉ်တွင် အသစ်ပြုပြင်ခြင်း ခံရနိုင်မည်ဖြစ်လေသည် (ဧ၊၄း၂၂-၂၄)။

## III. ဘုရားဆိုင်ရာသမိုင်းနှင့်အတူ ဖန်ဆင်းခြင်းအသစ် - စိတ်နှလုံးအသစ်၊ ဝိညာဉ်အသစ်၊ အသက်တာအသစ်၊ သဘောသဘာဝအသစ်၊ သမိုင်းကြောင်းအသစ်၊ ပြီးမြောက်ပြည့်စုံခြင်းအသစ်နှင့်အတူ လူသစ် - ရှိနေသည် - ဓမ္မသီချင်း၊၁၆။ ယေဇ၊၃၅း၂၅။ ၂ကော၊၃း၁၆။ မ၊၅း၈။ တိတု၊၃း၅။

A. ဘုရားဆိုင်ရာသမိုင်း၊ လူ၌ရှိသော ဘုရားသခင်၏ သမိုင်းသည် ခရစ်တော်၏ လူ့ဇာတိခံခြင်းမှစ၍ ကိုယ်တော်၏တက်ကြွခြင်းမှတစ်ဆင့် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာကာ၊ ကျွန်ုပ်တို့ကို လူသစ်တစ်ဦး၏ အပြည့်အဝစစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်ပြီး၊ ကျွန်ုပ်တို့အား ခရစ်တော်၏ဘုန်းထင်ရှားသော သတို့သမီးဖြစ်စေခြင်းငှာ အသစ်မွေးဖွားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ အသစ်ပြုပြင်ခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ သဏ္ဌာန်တူညီခြင်း၊ ဘုန်းထင်ရှားခြင်းဟူသော ဘုရားသခင်၏ အသက်ဆိုင်ရာ ကယ်တင်ခြင်းဖြင့် ကျွန်ုပ်တို့၌ ကိုယ်တော်ကိန်းဝပ်ခြင်းဖြင့် ဆက်လက်သွားနေသည် - ဧ၊၄း၂၂-၂၄။ ရော၊၅း၁၀။ ဗျာ၊ ၁၉း၇-၉။

B. ယခု ကျွန်ုပ်တို့သည် ဤမေးခွန်းကို မေးရန် လိုအပ်သည်၊ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမိုင်း၌ အသက်ရှင်နေပါသလော၊ သို့မဟုတ် လူသားဆိုင်ရာသမိုင်း၌သာ အသက်ရှင်နေပါသလော။

1. ကျွန်ုပ်တို့အားလုံးသည် လူသားဆိုင်ရာသမိုင်းတွင် မွေးဖွားလာခဲ့ကြသည်၊ သို့သော် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမိုင်း၌ ပြန်လည်မွေးဖွားခြင်း၊ အသစ်မွေးဖွားခြင်း ရှိလာခဲ့ကြသည်။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် လောက၌သာဖြစ်မည်ဆိုလျှင် ကျွန်ုပ်တို့သည် လူသားသမိုင်း၌ အသက်ရှင်နေကြခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် လူသစ်တစ်ဦး၏ စစ်မှန်ခြင်းဖြစ်သည့် အသင်းတော်၌ အသက်ရှင်ကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမိုင်း၌ အသက်ရှင်နေကြခြင်းဖြစ်သည်။ အသင်းတော်အသက်တာ၌ ဘုရားသခင်၏သမိုင်းသည် ကျွန်ုပ်တို့၏သမိုင်းဖြစ်သည်။ ယခုတွင် အုပ်စုနှစ်စု - ဘုရားသခင်နှင့် ကျွန်ုပ်တို့ - သည် သမိုင်းတစ်ခု၊ ဘုရားဆိုင်ရာသမိုင်းတွင် ရှိကြသည်။

2. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမိုင်း၌ ရှိကြကာ၊ ကျွန်ုပ်တို့၏အသက်ဆိုင်ရာ ကယ်တင်ခြင်းအတွက်သော်လည်းကောင်း၊ မြေကြီးတစ်ပြင်လုံးသို့ ငြိမ်သက်ခြင်း ဧဝံဂေလိတရား ဟောပြောခြင်းမှတစ်ဆင့် ကိုယ်တော်၏ ပျံ့နှံ့ခြင်းအတွက်သော်လည်းကောင်း နက်နဲခြင်းဆိုင်ရာ၊ ဘုရားဆိုင်ရာအရာများကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိကြသည့်အတွက် သခင်ဘုရားကို ချီးမွမ်းပါသည် (ဧ၊၂း၁၄-၁၇။ ၆း၁၅။ ညွှန်း၊ မ၊၂၄း၁၄)၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ အောင်မြင်သော သတို့သမီးဖြစ်ရန် စစ်မှန်ခြင်း၌ လူသစ်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်သည်။

*© 2020 Living Stream Ministry*